မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

August 20 , 2025 | Volume 93, Number 14

| ၂၀. ၈.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၃.၈၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၃.၄၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၅.၁၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၀.၉၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၅ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ့သရက်သီး တန်ဖိုးမြှင့်ထုတ်ကုန်များဝယ်ရန် ကမ်းလှမ်း




သရက်သီးအနှစ်၊ သရက်သီးအခြောက်၊ သရက်ပြင် အစရှိတဲ့ သရက်သီး တန်ဖိုးမြှင့် ထုတ်ကုန်တွေကို နိုင်ငံတကာဈေးကွက်က မှာယူတာတွေ ရှိလာတယ်လို့ မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းက သိရပါတယ်။

ဒါ့ကြောင့် ပြည်ပကို သရက်သီးအလုံးလိုက် တင်ပို့တာအပြင် တန်ဖိုးမြှင့်ထုတ်ကုန် တွေ ထုတ်လုပ်တင်ပို့မယ်ဆိုရင် တောင်သူတွေအတွက် အခွင့်အလမ်းကောင်းတွေ ပိုမိုရရှိ လာနိုင်မယ်လို့ မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းက တာဝန်ရှိသူတစ်ယောက်က ပြောပါတယ်။

မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ စိန်တလုံး၊ရွှေဟင်္သာနဲ့ မချစ်စုသရက်သီးတွေကို တရုတ်၊စင်ကာပူနဲ့ဥရောပနိုင်ငံတချို့ကိုတင်ပို့နေပြီးတရုတ်ကိုအများဆုံးတင်ပို့နေတာပါ။

လက်ရှိမှာရုရှားနိုင်ငံက မြန်မာ့သရက်သီးအနှစ်ကို နှစ်စဉ်တန်ချိန်တစ်သောင်းဝယ် ယူတင်သွင်းဖို့ကမ်းလှမ်းထားတယ်လို့မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က သိရပါတယ်။

အခုနှစ် သရက်သီးရာသီတုန်းကတော့ ပြည်ပဈေးကွက် မကောင်းသလို ကုန်ကျ စရိတ်တွေ များခဲ့တာကြောင့် သရက်ခြံတောင်သူတွေမှာ အခက်အခဲ ဖြစ်ပေါ်ခဲ့ရတယ်လို့ မြန်မာ့သရက်သီးဈေးကွက်က သိရပါတယ်။

မြန်မာ့သရက်သီးကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ တရုတ်ကို တင်ပို့ရာ မှာလမ်းခရီးကြန့်ကြာတာကြောင့် တရုတ်ဈေးကွက်ရောက်ချိန်မှာ သစ်သီးအရည်အသွေး ကျပြီးဈေးကောင်းမရရှိတာဖြစ်တယ်လို့ နယ်စပ်သစ်သီးပွဲရုံပိုင်ရှင်တချို့က ပြောပါတယ်။

**Source :** https://onenewstvchannel.com/

## ပေါ်ဆန်းမွှေးဆန်ကို နိုင်ငံတကာတင်ပို့နိုင်သည့် တံဆိပ်ရရှိရေး ဆွေးနွေး



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ပေါ်ဆန်းမွှေးဆန်ကို နိုင်ငံတကာ တင်ပို့နိုင်သည့် တံဆိပ်ရရှိရေး ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်စပါး မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များဖော်ဆောင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံ ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲမှ ပြည်ပသို့ ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် တောင်သူလယ်သမားများနှင့်ပူးပေါင်းလျက် ကန်ထရိုက်လယ်ယာကို Export Zone အဖြစ်သတ်မှတ် ဆောင်ရွက်ပေးကြရန်၊အဆိုပါဇုန်များတွင် ပြည်ပတင်ပို့မည့် စပါးမျိုးများကို သက်ဆိုင်ရာဌာနများနှင့်မျိုးစေ့ထုတ်ကုမ္ပဏီများက ပူးပေါင်း စီစဉ်ပေးရန်၊ Export Zone ကို ကန်ထရိုက်လယ်ယာ SOP များနှင့်အညီ စိုက်ပျိုးထုတ်လုပ်ပေးရန်၊ပေါ်ဆန်းမွှေးဆန်ကို နိုင်ငံ တကာတင်ပို့နိုင်သည့် တံဆိပ်ရရှိရေး နှင့် တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊တောင်သူလယ်သမားများ စီးပွားရေး တွက်ချေ ကိုက်သည့် စပါးဈေးနှုန်းရရှိရေး အတွက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး၊သွင်းအားစု ကုန်ကျစရိတ်များ လျှော့ချနိုင်ရေး အထွက်နှုန်း တိုးတက်စေရေးစသည့် နည်းလမ်းပေါင်းစုံဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လတ်တလောအခြေအနေအရ နိုင်ငံတကာဈေးကွက် ဆန်ဈေးနှုန်းများ အလွန်ကျဆင်းနေချိန်တွင် စပါးစိုက်တောင်သူများ အတွက် သင့်တင့်မျှတသော စပါးဈေးဖြစ်စေရန် ပို့ကုန်တိုးမြှင့်တင်ပို့ရေး၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံတို့သို့ အမြန်ဆုံးသွား ရောက်ပြီး ဆန်တင်ပို့ရောင်းချမှုများ မြှင့်တင်ဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Source : Popular News Journal**

## ကန့်ဘလူမြို့တွင် အဝင်နည်း၍ အရောင်းသွက်သည့် ဒူးရင်းသီး



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ရှိ သစ်သီးမျိုးစုံ ရောင်းချသည့် ဆိုင်များတွင် ပန်းသီး၊ နာနတ်သီး၊ စပျစ်သီး၊ သရက်သီးနှင့် ဒူးရင်းသီးများ ရောင်းချလျက်ရှိရာ ဒေသထွက် သစ်သီးများ ရောင်းချသလိုမြစ်ကြီးနားနှင့်မန္တလေးမြို့မှလည်း မှာယူရောင်းချလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ကန့်ဘလူမြို့သစ်သီးဈေးကွက်တွင် ရောင်းချနေသော ဒူးရင်းသီးဈေးနှုန်းမှာ ဒူးရင်းသီး အကြီးတစ်လုံးလျှင် ၆၀,၀၀၀ ကျပ်၊ အလတ်တစ်လုံးလျှင် ၄၅,၀၀၀ကျပ်နှင့် ဒူးရင်းသီးအလုံးသေးတစ်လုံးလျှင် ၃၀,၀၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဒူးရင်းသီးသည် အခြားဒေသမှ ဝယ်ယူရောင်းချရသည့်အတွက် အဝင်နည်းကာ ကြိုက်နှစ် သက်သူများ၏ အရောင်းသွက်လျက် ရှိကြောင်း သစ်သီးဆိုင်များမှ သိရသည်။

**Source : DOCA(စစ်ကိုင်း)**

https://www.doca.gov.mm/

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ပိန်းဥပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဒေသထွက်ပိန်းဥများကို ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ပိဿာ ၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ဓနုဖြူမြို့နယ်မှ ဒေသထွက်ပိန်းဥများကို ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ပိဿာ ၅၀,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း ဇူလိုင်လအတွင်း ပိဿာ ၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ပိန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ပိန်းဥတွေကိုရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်လိုအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ဒေသခံတောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဈေးကွက်ဝင်တစ်သျှူးငှက်ပျော



မြန်မာနိုင်ငံတွင် ငှက်ပျောမျိုးကွဲများစွာရှိပြီး မိရိုးဖလာနည်းစနစ်အတိုင်း ဒေသငှက်ပျောမျိုးများကို သားတက်ဖြင့် မျိုးပွား၍စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါ အပင်တစ်သျှူးမျိုးပွားနည်းဖြင့် မျိုးပွားထားသော ငှက်ပျောများကို ကျယ်ပြန့်စွာစိုက်ပျိုးလာကြသည်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောကို ဘိန်းအစားထိုးသီးနှံအဖြစ် စတင်စိုက်ပျိုးခဲ့ရာမှ ယခုအခါစီးပွားဖြစ်တွင်ကျယ်စွာ စိုက်ပျိုးလျက်ရှိသည်။

စိုက်ပျိုးမှုအနေဖြင့် တစ်သျှူးငှက်ပျောစိုက်ပျိုးရန် ပထမဦးစွာစိုက်ပျိုးမည့်မြေအား အပင်ခုတ်ထွင် ရှင်းလင်းပြီး ထယ်ထိုးထွန်ယက်ခြင်း၊ ဘောင်ပြုလုပ်ခြင်းများဆောင်ရွက်ပြီး အပင်ရင်းတွင်ရေမဝပ်စေရန် ရေနုတ်မြောင်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရသည်။

မြေပြုပြင်ပြီးပါက အပင်စိုက်ရန် အကျယ် ၁ ပေခွဲနှင့် အနက် ၁ ပေခွဲရှိ စိုက်ကျင်းများတူးပြီး မြေခံအနေဖြင့် မြေဆွေး၊ ကွန်ပေါင်းဓာတ်မြေဩဇာကိုထည့်ကာ တစ်ပတ်ခန့် ရေနှင့်နှပ်ထားပေးရသည်။ စိုက်ပျိုးပြုပြင်ပြီးပါက ပင်ခြား ၆ ပေ၊ တန်းကြား ၈ ပေဖြင့် တစ်ကျင်းလျှင် တစ်ပင်နှုန်းဖြင့် တစ်ဧကအတွက်ပျိုးပင်ပေါင်း ၈၀၀ စိုက်ပျိုးရပါသည်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောစိုက်ပျိုးမှုအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်မြစ်ကြီးနားခရိုင်၌ ၅၅,၄၄၈ ဧက၊ ဗန်းမော်ခရိုင်၌ ၁၅,၀၉၉ ဧက၊ စုစုပေါင်း ၇၀,၅၄၇ ဧက စိုက်ပျိုးထားရှိကာ တစ်ဧကအထွက်နှုန်း အနေဖြင့် ၁၃ တန်ခန့်ရှိပြီး တစ်ဧကကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်ခြင်း၊ စိုက်ပျိုးပြုစုခြင်း၊ သွင်းအားစုဝယ်ယူခြင်း၊ ခူးဆွတ်ခြင်း၊ သယ်ယူပို့ဆောင်ခ (ဈေးကွက်ရောက်သည်အထိ) စုစုပေါင်း ၁၅,၀၀၀,၀၀၀ ကျပ် ခန့်ကုန်ကျသည်။

ယခင်ကမြစ်ကြီးနားခရိုင်မှထွက်ရှိသော တစ်သျှူးငှက်ပျောများအား ကန်ပိုင်တည်နယ်စပ်မှ လည်းကောင်း၊ ဗန်းမော်ခရိုင်မှ ထွက်ရှိသော တစ်သျှူးငှက်ပျောများအား လွယ်ဂျယ်နယ်စပ်မှလည်းကောင်း တရုတ်နိုင်ငံသို့ ပြည်ပပို့ကုန်အဖြစ် တင်ပို့ခဲ့သော်လည်း ယခုအခါ နယ်မြေလုံခြုံရေး အခြေအနေအရ ဗန်းမော်ခရိုင်မှထွက်ရှိသောတစ်သျှူးငှက်ပျောများအား ပြည်ပသို့တင်ပို့နိုင်ခြင်းမရှိဘဲ မြစ်ကြီးနားခရိုင်ရှိ ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်မှ စိုက်ပျိုးထွက်ရှိသော တစ်သျှူးငှက်ပျောများကိုသာ ကန်ပိုက်တည်နယ်စပ်မှ တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

တစ်သျှူးငှက်ပျောစိုက်ပျိုးရာတွင်တစ်ဧကကုန်ကျစရိတ်မှာ၁၅,၀၀၀,၀၀၀ကျပ်ခန့်ဖြစ်ပြီးတစ်ဧကဝင်ငွေ ၂,၃၄၀၀,၀၀၀ကျပ်ခန့် ရရှိမှုကြောင့် တစ်ဧကအကျိုးအမြတ်ရရှိမှုအနေဖြင့် ၈၄၀,၀၀၀၀ ကျပ် ခန့်ရရှိသည့် အတွက် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိမှုများပြီး ပြည်ပပို့ကုန်သီးနှံလည်း ဖြစ်သည့် တစ်သျှူးငှက်ပျောအား ယခုထက်ပိုမိုစိုက်ပျိုးသင့်ကြောင်း သိရသည်။

**Source : DOCA(**ကချင်)

https://www.doca.gov.mm/

## ၂၀၂၅ ခုနှစ်၊ ပထမ ၆ လပတ်အတွင်း ယူအေအီးနိုင်ငံ၏ရေနံမဟုတ်သော နိုင်ငံခြားကုန်သွယ်မှုပမာဏ AED ၁ ဒသမ ၇ ထရီလီယံအထိ မြင့်တက်လာခဲ့

ယူအေအီးနိုင်ငံ၏ ရေနံမဟုတ်သောနိုင်ငံခြားကုန်သွယ်မှုပမာဏသည် ၂၀၂၅ ခုနှစ်၊ ပထမနှစ်ဝက်တွင် AED ၁ ဒသမ၇၂၈ ထရီလီယံသို့ရောက်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ကအလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ယူအေအီးနိုင်ငံ၊ ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်နှင့် ဒူဘိုင်းပြည်နယ်အုပ်ချုပ်သူ Sheikh Mohammed bin Rashid Al Maktoum မှ ပြောကြားခဲ့သည်။

၎င်းစွမ်းဆောင်ရည်သည် ယူအေအီးနိုင်ငံ၏ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် တည်ဆောက်ထားပြီး၊ ယခုအခါတွင် စုစုပေါင်းကုန်သွယ်မှု အထွက်နှုန်းသည် ၂၀၂၁ ခုနှစ်၊ ပထမ ၆ လပတ်၏ နှစ်ဆ ဖြစ်လာခဲ့ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်ကထက် ၅၉ ဒသမ၅ ရာခိုင်နှုန်း နှင့် ၂၀၂၃ ခုနှစ်ကထက် ၃၇ ဒသမ ၈ ရာခိုင်နှုန်းတို့ဖြင့် သမိုင်းဝင်တိုးတက်မှုနှုန်းဖြစ်ကြောင်း ဖော်ပြထားသည်။

ယူအေအီးနိုင်ငံ၏ရေနံမဟုတ်သောပို့ကုန်သည် AED ၃၆၉ ဒသမ၅ ဘီလီယံသို့ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ စုစုပေါင်းရေနံမဟုတ်သောကုန်သွယ်မှု၏ ၂၁ ဒသမ ၄ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိပြီး နိုင်ငံသမိုင်းတွင် အမြင့်ဆုံးဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (CEPA) များသည် အဓိကကျသောအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး လက်မှတ်ရေးထိုးထားသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ၂၈ ခုတို့အနက် ၁၀ ခုမှာ အသက်ဝင်ဆောင်ရွက်လျက်ရှိကာ စားသုံးသူ ၃ ဘီလီယံနီးပါးတို့အား အိမ်တွင်းဈေးကွက်များသို့ ဝင်ရောက်ခွင့်ပေးထားလျက်ရှိသည်။

ပို့ကုန်ထိပ်တန်းတင်ပို့သည့်နိုင်ငံများတွင် ဆွစ်ဇာလန်၊ အိန္ဒိယ၊ တူရကီနှင့် ဟောင်ကောင်-တရုတ်တို့ ပါဝင်လျက်ရှိပြီး အိန္ဒိယနိုင်ငံသို့ ပို့ကုန် AED ၅၁ ဒသမ ၄၅ ဘီလီယံရှိခဲ့ကာ ၉၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ CEPA မိတ်ဖက်နိုင်ငံများထံသို့တင်ပို့မှုမှာ AED ၈၅.၀၂ ဘီလီယံအထိရောက်ရှိခဲ့ပြီး ၆၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ပြန်လည်တင်ပို့မှုမှာလည်း AED ၃၈၉ ဘီလီယံအထိ ၁၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး သွင်းကုန်အနေဖြင့် ၂၂ ဒသမ ၅ ရာခိုင်နှုန်း ၊ AED ၉၆၉ ဒသမ ၃ ဘီလီယံအထိတိုးတက်လာခဲ့သည်။ အဓိကကုန်သွယ်ဘက်နိုင်ငံများဖြစ်ကြသည့် ဆွစ်ဇာလန်(+ ၁၂၀ ရာခိုင်နှုန်း)၊ တူရကီ(+ ၄၁ ဒသမ ၄ ရာခိုင်နှုန်း)နှင့်အမေရိကန်(+ ၂၉ ရာခိုင်နှုန်း)တို့မှာလည်း သိသိသာသာ မြင့်တက်

လာခဲ့ကာ ယူအေအီးနိုင်ငံကိုကမ္ဘာ့ကုန်သွယ်ရေးတံခါးပေါက်အဖြစ် ထပ်မံသတ်မှတ်ပေးခဲ့သည်။

Sheikh Mohammed က နိုင်ငံ၏တိုးတက်မှုကိုချီးကျူးခဲ့ပြီး ယူအေအီးနိုင်ငံသည် ကမ္ဘာ့စင်မြင့်ထက်တွင် ယုံကြည်စိတ်ချရသည့် ကုန်သွယ်မှုဗဟိုချက်ဖြစ်ပြီး မဟာဗျူဟာမြောက်စီးပွားရေးမိတ်ဖက်နိုင်ငံတစ်ခုအဖြစ် ထပ်မံအတည်ပြုပြောကြားခဲ့သည်ကို သတင်းဌာနမှ ဖော်ပြထားသည်။

**News Source: Dubai Media Office**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

https://myantrade.gov.mm/

## ဂျပန်၏ ပို့ကုန်လုပ်ငန်းကဏ္ဍ ၄ နှစ်အတွင်း အဆိုးဆုံးကျဆင်း



ဂျပန်နိုင်ငံရဲ့ပို့ကုန်လုပ်ငန်းတွေဟာ ဇူလိုင်လမှာ ၄ နှစ်အတွင်း အဆိုးဆုံး ကျဆင်းမှုရှိခဲ့တယ်လို့ အစိုးရဒေတာတွေက ဩဂုတ် ၂၀ ရက်မှာဖော်ပြခဲ့ပြီး အမေရိကန်နိုင်ငံရဲ့ အခွန်နှုန်းတိုးမြင့်လာမှုကြောင့်ပို့ကုန်လုပ်ငန်းအခြေပြုစီးပွားရေးလုပ်ငန်းတွေရဲ့ အနာဂတ်အပေါ် စိုးရိမ်မှုမြင့်တက်နေကြတယ်လို့ CNA သတင်း မှာ ဖော်ပြပါရှိပါတယ်။

ကမ္ဘာ့အကြီးဆုံးစီးပွားရေးနံပါတ်၄ နေရာမှာရှိတဲ့ ဂျပန်နိုင်ငံရဲ့ ဇူလိုင်လမှာ စုစုပေါင်းတင်ပို့ရောင်းချမှုဟာ အရင်နှစ် ဇူလိုင်လထက် ၂ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဒါဟာ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလမှာ ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပြီးနောက် အကြီးဆုံးကျဆင်းမှု ဖြစ်ပါတယ်။

တင်ပို့မှုတန်ဖိုး ကျဆင်းပေမဲ့ ဂျပန်ရဲ့တင်ပို့ကုန်ကုမ္ပဏီတွေက ဈေးနှုန်းအဆမတန် မြင့်တက်မှုတွေ မဖြစ်အောင် တားဆီးထားတဲ့အတွက် တင်ပို့ပမာဏ ကြီးကြီးမားမား မကျဆင်းသေးဘူးလို့ စီးပွားရေးပညာရှင်တစ်ယောက်က ဆိုပါတယ်။

ဒါပေမဲ့ နောက်ဆုံးမှာ အဲဒီကုန်ကျစရိတ်တွေကို အမေရိကန်စားသုံးသူတွေဆီ လွှဲပြောင်းပေးရမဲ့အခြေအနေဖြစ်လာပြီးလာမဲ့လတွေမှာ အရောင်းကို ပိုမိုထိခိုက်လာစေမယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ဂျပန်နိုင်ငံရဲ့ စီးပွားရေးဟာ လက်ရှိအချိန်ထိတော့ အဆိုးဆုံးအခြေအနေကို ရှောင်လွှဲနိုင်ခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

Source : https://onenewstvchannel.com/

## ဗီယက်နမ်နိုင်ငံတွင် ဓာတ်ဆီဈေးနှုန်းများမြင့်တက်ပြီး ဒီဇယ်ဈေးများကျဆင်း

ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ကြာသပတေးနေ့က ဈေးနှုန်းညှိနှိုင်းမှုအရ ဒီဇယ်ဈေးနှုန်းကျဆင်းချိန်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့ကြောင်း Vietnam News Agency သတင်းဖော်ပြချက်အရ သိရသည်။

E5 RON 92 ဓာတ်ဆီဈေးနှုန်းသည် တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၁၂၂ မြင့်တက်ခဲ့ပြီး ဗီယက်နမ်ဒေါင် ၁၉,၄၀၁ (အမေရိကန်ဒေါ်လာ သုည ဒသမ၇၄)ဖြင့်လည်းကောင်း၊ RON95-III ဓာတ်ဆီဈေးနှုန်းသည် တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၄၉ မြင့်တက်ခဲ့ပြီး ၁၉,၈၄၀ ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

ဒီဇယ်ဈေးသည် တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၆၁ လျှော့ချ၍ ဗီယက်နမ်ဒေါင် ၁၉,၀၆၈ ဖြင့်လည်းကောင်း Kerosene တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၈၆ လျှော့ချ၍ ၁၈,၇၁၄ ဖြင့်လည်းကောင်းရောင်းချလျက်ရှိပြီး Mazut တစ်ကီလိုဂရမ်လျှင်

ဗီယက်နမ်ဒေါင် ၁၅၄ မြင့်တက်ခဲ့ပြီး ဗီယက်နမ်ဒေါင် ၁၅,၅၃၃ ရှိကြောင်း ဖော်ပြထားသည်။

ယခုအကြိမ်သည် နှစ်စမှစ၍ ၃၂ ကြိမ်မြောက် စက်သုံးဆီဈေးနှုန်းပြုပြင်ပြောင်းလဲမှုဖြစ်ပြီး အဆိုပါကာလအတွင်း RON95 ဓာတ်ဆီဈေးနှုန်းသည် ၁၇ ကြိမ်မြင့်တက်ခဲ့ပြီး ၁၅ ကြိမ်ကျဆင်းခဲ့ကြောင်း၊ ဒီဇယ်ဈေးမှာ ၁၆ ကြိမ်မြင့်တက်ခဲ့ပြီး ၁၅ ကြိမ်ကျဆင်းခဲ့ကြောင်းနှင့် ကျန် ၁ ကြိမ်မှာ ဈေးနှုန်းများ မပြောင်းလဲဘဲရှိနေပါကြောင်း ရေးသားဖော်ပြထားသည်။

အဆိုပါစက်သုံးဆီညှိနှိုင်းမှုအတွင်း အာဏာပိုင်များသည် စက်သုံးဆီအမျိုးအစားများအတွက် စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေး ရန်ပုံငွေကို အသုံးမပြုရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

**Source: Vietnam News Agency**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (20.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Aug. 2025

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 103,756 (Shares) | 321,009,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | -100 | -1.37% | 7,200 | 7,200 | 7,200 | 202 | 1,454,400 | 33,109,694 | 238,390 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 712 | 2,237,800 | 38,929,150 | 120,680 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 3 | 23,100 | 10,400,986 | 80,088 |
| FPB | 00004 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 410 | 800,200 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 611 | 1,588,600 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 600 | 1,005,000 | 19,977,223 | 33,961 |
| AMATA | 00007 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 15 | 51,000 | 10,497,598 | 35,692 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 1,203 | 3,849,750 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 20th Aug. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.90 | -2.79 | -0.77% | 361.91 | 361.91 | 359.38 | 3,756 | 11,009,850 | 8 | 678,846 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 103,764 (Shares) | 321,032,650 (MMK) |

### Main Board

As of 1:00 pm, 20th Aug. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 103,756 (Shares) | 321,009,850 (MMK) |

| MYANPIX | 359.90 ▼2.79 |
|---|---|
| Total Volume (shares) | 3,756 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 678,846 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▼100 |
| MTSH | 00002 | 3,100 | ▼50 |
| MCB | 00003 | 7,700 | ▲0 |
| FPB | 00004 | 2,000 | ▲0 |
| TMH | 00005 | 2,600 | ▲0 |
| EFR | 00006 | 1,700 | ▲0 |
| AMATA | 00007 | 3,400 | ▲0 |
| MAEX | 00008 | 3,250 | ▲0 |

TIR